

# SMART Myanmar Social Compliance Academy™

ခေတ်မှီတိုးတက်သော စက်ရုံများ ၊ ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်များ ၊
ရေရှည်တည်တံ့သော အကျိုးအမြတ်များ

ဇူလိုင်အတွက် စာရင်းပေးခြင်းများ လက်ခံနေပါပြီ။

## SMART 'Social Compliance Academy™'

## မှ သင့်ကို ကူညီနိုင်ပါသည်။

- သင်၏ စက်ရုံတွင်ရှိသော ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ အဓိက အန္တရာယ် အရင်းအမြစ်များကို ဖယ်ရှားရန်။
- ဉရောပနှင့် မြောက်အမေရိကဂယ်လက်များ၏ လိုအပ်သော နိုင်ငံတကာ စံချိန်စံနှုန်းများကိုပြည့်မှီရန်။
- အလုပ်ထွက်နှုန်းလျော့ချပြီး လုပ်ငန်းခွင်အတွင်း လူမှုဆက်ဆံရေးတိုးတက်လာစေရန်။
- ရေရှည်တည်တံ့သော အလေ့အကျင့်များနှင့်အတူ သင်၏စက်ရုံအနာဂတ် ရေရှည်အောင်မြင်မှုအတွက် စီစဉ်ဆောင်ရွက်ရန်။

စာရင်းပေးသွင်းရန်။။ မေမီကျော်
maymi@smartmyanmar.org
၀၉- ၄၀၂၇၈၃၂၂၈

SMART Myanmar

လမ်းညွှန်ထားရှိသည့် မူဝါဒများ အပေါ်အခြေခံ၍ရေးဆွဲထားပါသည်။

www.smartmyanmar.org

**SMART** Myanmar Social Compliance Academy™ သည် တရုတ်နိုင်ငံမှ စီနီယာကျွမ်းကျင်ပညာရှင် ဦးဆောင်ပါဝင်ပြီး ပြည်တွင်းပညာရှင် (၈) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အင်္ဂလိပ်နှင့် မြန်မာဘာသာဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ပြီး မေးခွန်းများနှင့် ရှင်းလင်းချက်များအတွက်လိုအပ်ပါက တရုတ်မန်ဒရင်း ဘာသာဖြင့်လည်းပြန်လည်ဖြေကြားပေးနိုင်ပါသည်။

သင်တန်းများသည် ပြည်တွင်းနိုင်ငံသားပိုင် (၁၀၀ ရာခိုင်နှုန်း) စက်ရုံများအတွက် **အခမဲ့**ဖြစ်ပါသည်။

နိုင်ငံခြားနှင့် ဖက်စပ်စက်ရုံ(JV)များအတွက် သင်တန်းကြေးမှာ **ဒေါ်လာ ၇၅၀** ဖြစ်ပြီး နိုင်ငံခြားသားပိုင် (၁၀၀ရာခိုင်နှုန်း) စက်ရုံများအတွက် သင်တန်းကြေးမှာ **ဒေါ်လာ ၁၅၀၀** ပေးသွင်းရပါမည်။

သင်တန်းကြေးအားလုံးကို Sunday Café အစီအစဉ်သို့လှူဒါန်းသွားပါမည်။Sunday Café အစီအစဉ်သည် အထည်ချုပ်အမျိုးသမီးလုပ်သားများအတွက် ဗဟုသုတအသိပညာ ဖလှယ်နိုင်စေရန်နှင့် အပန်းဖြေနိုင်စေရေးအတွက် သီးသန့်နေရာ ပြုလုပ်ပေးနိုင်မည့် ပဏာမအစီအစဉ်ဖြစ်ပါသည်။

သင်တန်းတစ်ကြိမ်လျှင် အများဆုံးစက်ရုံ (၁၀)ရုံ စာရင်းပေးသွင်းနိုင်ပါသည်။ (တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးပါမည်)။ SMART Social Compliance Academy၏ အစီအစဉ် နှင့် ပါဝင်သော အကြောင်းအရာများ မိတ်ဆက်ခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နှင့် ၂၅ ရက်တွင် စတင်ပါမည်။ ပူပေါင်းပါဝင်ခြင်း သဘောတူညီချက် လက်မှတ်နှင့် သင်တန်းကြေး အနည်းဆုံး ၅၀ရာခိုင်နှုန်း ပေးသွင်းခြင်းကို ဒုတိယနေ့ အဆုံးပိုင်းတွင် ပြုလုပ်ပါမည်။ သင်တန်းအစီအစဉ် အပြည့်အစုံတွင် ကွင်းဆင်းအကြံပေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်ပါသည်။ သင်တန်းကာလ ၅ လအတွင်း စာတွေ့အပြင် စက်ရုံကွင်းဆင်း လေ့လာ အကဲဖြတ်ခြင်းများကိုလည်း စနစ်တကျစီစဉ်ထားပါသည်။ ယေဘူယျအားဖြင့် ၁၀ ရက်တစ်ကြိမ် ကွင်းဆင်းအကြံပေးခြင်း (သို့မဟုတ်) အုပ်စုဖွဲ့ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပါမည်။




SMART Social Compliance အဖွဲ့တွင် ရှန်ဟိုင်းမှ စီနီယာ ကျွမ်းကျင်ပညာရှင် Ms.Nancy Feng မှ ဦးဆောင်ပါသည်။ လွန်ခဲ့သော ၁၀နှစ်အတွင်း Nancy သည် SEDEX စာရင်းစစ်အဖြစ်သာမက Fair labor, Mothercare နှင့် Systain တို့၏ သင်တန်းဆရာမအဖြစ် ရာနှင့်ချီသော အထည်ချုပ်စက်ရုံများတွင် စာရင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။